# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ဖြင့် ပူးပေါင်း၍ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ နည်းပညာအကူအညီ ပူးပေါင်းဆောင်ရွက်ရေး ညီလာခံကို (၂၅-၄-၂၀၁၄)နံနက် (၉:၀၀)နာရီတွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ပါသည်။ ညီလာခံအား မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အဖွင့်အမှာစကား ပြောကြားဖွင့်လှစ်ပြီး မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် နည်းပညာ အကူအညီပေးရေးဆိုင်ရာကူညီပံ့ပိုးမှုများ ပေးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ဒိုင်ဝါသုတေသနအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးကော်ပိုရေးရှင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၊ ဗြိတိန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဌာန၊ ဩစတြေးလျအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၊ တိုရန်တိုစင်တာ၊ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၊ ထိုင်းနှင့်မလေးရှားဗဟိုဘဏ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းတို့မှတာဝန်ရှိသူ (၅၁)ဦး တက်ရောက်ခဲ့ပါသည်။

ညီလာခံတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး မစ္စတာချားလ်အီးနော့နှင့် ကမ္ဘာ့ဘဏ်မှ Lead Counsel မစ္စနာဂဗာလီအနာမလေးတို့မှ ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး ငွေရေးကြေးရေး ကဏ္ဍအတွက် နည်းပညာကူအညီပေးရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာအကူအညီ လိုအပ်ချက်နှင့်ရရှိမှုအခြေအနေ၊ နည်းပညာအကူအညီပံ့ပိုးပေးသော အဖွဲ့အစည်းအသီးသီးမှ နယ်ပယ် တစ်ခုတည်းအပေါ် တူညီသောနည်းပညာအကူအညီရရှိမှုများကိုရှောင်ရှားနိုင်ရန်အတွက် ပူးပေါင်း ဆောင်ရွက်သွားရန် နည်းလမ်းများနှင့်နည်းပညာအကူအညီညှိနှိုင်း ဆောင်ရွက်မှုကော်မတီဖွဲ့စည်းရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

ညီလာခံတက်ရောက်လာသည့်အဖွဲ့အစည်းများမှ အောက်ပါတို့ကို သဘောတူဆုံးဖြတ်ခဲ့ပါသည်-

(က) နည်းပညာအကူအညီပေးရေးအစီအစဉ်များရေးဆွဲ၍ ရှေ့လုပ်ငန်းစဉ်များအား ပူးပေါင်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းဆပ်ကော်မတီ(၈)ခုအား အောက်ပါအတိုင်းဖွဲ့စည်း တည် ထောင်ရန် ၊

- ငွေရေးကြေးရေးကဏ္ဍဆိုင်ရာအခြေခံအဆောက်အအုံ(Financial Infrastructure) ဆပ်ကော်မတီ

- ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးတည်ငြိမ်ရေး (Banking and Financial Stability ) ဆပ်ကော်မတီ
- ဗဟိုဘဏ်လုပ်ငန်းဆိုင်ရာမူဝါဒမူဘောင် (Central Bank Institutional Framework ) ဆပ်ကော်မတီ
- ဗဟိုဘဏ်လုပ်ငန်းများ (Central Bank Operations ) ဆပ်ကော်မတီ
- ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ(Financial Inclusion ) ဆပ်ကော်မတီ
- ဘဏ္ဍာငွေထောက်ပံ့မှုဖွံ့ဖြိုးတိုးတက်ရေး(Development Finance) ဆပ်ကော်မတီ
- (ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင်) ငွေကြေးဈေးကွက်များ (Financial Markets Including NBFIs) ဆပ်ကော်မတီ
- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေး (AML/CFT ) ဆပ်ကော်မတီ

(ခ) နည်းပညာအကူအညီပူးပေါင်း ဆောင်ရွက်ရေးကော်မတီအား တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပဆောင်ရွက်သွားရန် ၊

(ဂ) ရှေ့လုပ်ငန်းစဥ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ညီလာခံတက်ရောက်လာသော ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ကျွမ်းကျင်မှုအကူအညီပေးသည့်အဖွဲ့အစည်းမှ မိမိတို့ပါဝင်ဆောင်ရွက်လိုသော လုပ်ငန်းဆပ်ကော်မတီအလိုက် အဆိုပြု၍ အဖွဲ့ဝင်(၁)ဦး သို့မဟုတ်(၂)ဦး၏ အမည်စာရင်းနှင့် ဆက်သွယ်ဆောင်ရွက်ရမည့်သူအမည်စာရင်းအား ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ထံသို့ပေးပို့ရန်၊

(ဃ) ယခုညီလာခံတွင် မတက်ရောက်နိုင်သော အလှူရှင်အဖွဲ့အစည်းများထံသို့ နောင်တွင်ဆက်လက်ဆောင်ရွက်မည့် ညီလာခံ၌တက်ရောက်ရန် ဖိတ်ကြားလွှာများပေးပို့၍ စိတ်ဝင်စားသောလုပ်ငန်းဆပ်ကော်မတီရှိပါက ပါဝင်ဆောင်ရွက်နိုင်ကြောင်းအသိပေးရန်၊